# အစားအစာထုတ်လုပ်ခြင်းနှင့် လက်လီလက်ကားရောင်းဝယ်ရေး (မော်တော်ယာဉ်နှင့် မော်တော် ဆိုင်ကယ်ပြင်ဆင်ခြင်းကဏ္ဍများ) ရှိ ကလေးအလုပ်သမားစစ်တမ်း (၂၀၁၉-၂၀၂၀) ကောက်ယူနိုင်ရေးအတွက် မြို့နယ်ကြီးကြပ်ရေးမှူးများနှင့် စာရင်းကောက်များအား သင်တန်းပေးခြင်းအခမ်းအနား ကျင်းပ

**၂၀၂၀ ပြည့်နှစ်၊ မတ်လ (၁၀) ရက်**

အစားအစာထုတ်လုပ်ခြင်းနှင့် လက်လီလက်ကားရောင်းဝယ်ရေး (မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ပြင်ဆင်ခြင်းကဏ္ဍများ) ရှိ ကလေးအလုပ်သမားစစ်တမ်း (၂၀၁၉-၂၀၂၀) ကောက်ယူနိုင်ရေးအတွက် မြို့နယ်ကြီးကြပ်ရေးမှူးများနှင့် စာရင်းကောက်များအား သင်တန်းပေးခြင်းအခမ်းအနားကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၁၀) ရက်နေ့တွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်၊ ဗဟိုစာရင်းအင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်းဆပ်ကော်မတီ၊ အတွင်းရေးမှူးဖြစ်သူ ဗဟိုစာရင်းအင်းအဖွဲ့ မွန်ပြည်နယ်တာဝန်ခံ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှလှက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဗဟိုစာရင်းအင်းအဖွဲ့(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီတာထွေးက စစ်တမ်းကောက်ယူမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပါသည်။ အခမ်းအနားသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မွန်ပြည်နယ် စာရင်းကောက်ယူရေးလုပ်ငန်းဆပ်ကော်မတီမှ ကော်မတီအဖွဲ့ဝင်များ အပါအဝင် စုစုပေါင်း (၈၀) ဦး တက်ရောက်ခဲ့ကြပါသည်။


MOPFI
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
မွန်ပြည်နယ် ကလေးအလုပ်သမားစစ်တမ်း (၂၀၁၉-၂၀၂၀)
သင်တန်းပို့ချခြင်း အခမ်းအနား
၂၀၂၀ ပြည့်နှစ်၊ မတ်လ (၁၀-၁၁) ရက်
မော်လမြိုင်မြို့

